ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
အမိန့်ကြော်ငြာစာအမှတ် ( ၂၀ /၂၀၂၄)
၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာ လ ၁၁ ရက် )

## ပြည်ပနိုင်ငံများသို့ စိုက်ပျိုးရေးပို့ကုန်များ တင်ပို့နိုင်ရန် တောင်းဆိုသော ဓာတ်ခွဲစစ်ဆေးချက်များ အလိုက် ပေးချေရမည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခများ သတ်မှတ်ခြင်း

၁။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးဥပဒေပုဒ်မ ၄၇ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပိုးသတ်ဆေးဥပဒေပုဒ်မ ၄၃ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သတ်မှတ်သည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခများကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်။

**(က) ပဲမျိုးစုံအတွက် ဓာတ်ခွဲစစ်ဆေးခများ**

| စဉ် | ဓာတ်ခွဲစမ်းသပ်ချက်(Parameters) | ဓာတ်ခွဲခနှုန်း (ကျပ်) |
|---|---|---|
| (၁) | ပိုးသတ်ဆေးဓါတ်ကြွင်းစစ်ဆေးခြင်း (ပိုးသတ်ဆေးတစ်မျိုး အတွက်သာ) | ၂၀၀၀၀၀ |
| (၂) | အဆိပ်သတ္တုဓာတ်များစစ်ဆေးခြင်း(Cd, Pb နှစ်မျိုးအတွက် သာ) | ၂၀၀၀၀၀ |
| | **ဓာတ်ခွဲစစ်ဆေးခစုစုပေါင်း** | **၄၀၀၀၀၀** |

**(ခ) ပဲမျိုးစုံအတွက် Certificate of Analysis (COA) ထုတ်ပေးမည့် သတ်မှတ်ချက်နှင့် နှုန်းထားများ**

(၁) ပဲမျိုးစုံ ၅၀၀ မက်ထရစ်တန်တွင် ( ၁ ) ကြိမ် ဓာတ်ခွဲစစ်ဆေးရမည် ဖြစ်ပြီး COA (၁)စောင် ထုတ်ပေးမည်ဖြစ်သည်။

(၂) COA အား ၅၀၀ မက်တရစ်တန်အောက် ပို့ကုန်တန်ချိန်များအလိုက် ခွဲယူထုတ်လိုပါက (၁)ကြိမ် ဓာတ်ခွဲစစ်ဆေးရမည်ဖြစ်ပြီး COA (၄) စောင်ထက် ပိုမထုတ်ရ။

(၃) ၅၀၀ မက်ထရစ်တန်တွင် ပထမအကြိမ် COA ထုတ်ပြီးနောက် ဒုတိယ၊ တတိယနှင့် စတုတ္ထမြောက် COA များ ထုတ်ယူလိုပါက ( ၁ ) စောင် လျှင် (ကျပ် ၄၀၀၀၀၀) နှုန်း ပေးဆောင်ရမည်။

(၄) ၅၀၀ မက်ထရစ်တန်ပြည့်သည့်တိုင်အောင် ထုတ်ယူလိုသော COA အစောင်ရေ နှင့်မက်ထရစ်တန်အားစစ်ဆေးရန်လျှောက်ထားစဉ်ကတည်းကဖော်ပြပေးရမည်။

**(ဂ) ဆန် သို့မဟုတ် ဆန်ကွဲများအတွက် ဓာတ်ခွဲစစ်ဆေးခများ**

| စဉ် | ဓာတ်ခွဲစမ်းသပ်ချက်(Parameters) | ဓာတ်ခွဲခနှုန်း(ကျပ်) |
|---|---|---|
| (၁) | ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးခြင်း | ၈၀၀၀၀၀ |
| (၂) | OchratoxinAမှိုဆိပ်များ စစ်ဆေးခြင်း | ၃၀၀၀၀၀ |
| (၃) | Heavy Metals(အဆိပ်သတ္တုဓာတ်များ စစ်ဆေးခြင်း)(Cd, Pb နှစ်မျိုးအတွက်သာ) | ၂၀၀၀၀၀ |
| | **ဓာတ်ခွဲစစ်ဆေးခစုစုပေါင်း** | **၁၃၀၀၀၀၀** |

**(ဃ) ဆန် သို့မဟုတ် ဆန်ကွဲများ အတွက် Certificate of Analysis (COA) ထုတ်ပေးမည့် သတ်မှတ်ချက်နှင့် နှုန်းထားများ**

(၁) ဆန်/ဆန်ကွဲများ ၁၀၄၀ မက်ထရစ်တန်တွင် (၁) ကြိမ် ဓာတ်ခွဲစစ် ဆေးရမည် ဖြစ်ပြီး COA (၁)စောင် ထုတ်ပေးမည်ဖြစ်သည်။

(၂) COA အား ၁၀၄၀ မက်တရစ်တန်အောက် ပို့ကုန်တန်ချိန်များ အလိုက် ခွဲယူ ထုတ်လိုပါက (၁)ကြိမ် ဓာတ်ခွဲစစ်ဆေးရမည်ဖြစ်ပြီး COA (၃)စောင် ထက် ပိုမထုတ်ရ။

(၃) ၁၀၄၀ မက်ထရစ်တန်တွင် ပထမအကြိမ် COA ထုတ်ပြီးနောက် ဒုတိယ နှင့် တတိယအကြိမ် COA များ ထုတ်ယူလိုပါက (၁)စောင်လျှင် (ကျပ် ၂၀၀၀၀၀) နှုန်း ပေးဆောင်ရမည်။

(၄) ၁၀၄၀ မက်ထရစ်တန် ပြည့်သည့်တိုင်အောင် ထုတ်ယူလိုသော COA အစောင် ရေနှင့် မက်ထရစ်တန်အား စစ်ဆေးရန် လျှောက်ထားစဉ် ကတည်းက ဖော်ပြပေး ရမည်။

**(င) ပြောင်းဆန်များအတွက် ဓာတ်ခွဲစစ်ဆေးခများ**

| စဉ် | ဓာတ်ခွဲစမ်းသပ်ချက်(Parameters) | ဓာတ်ခွဲခနှုန်း (ကျပ်) |
|---|---|---|
| (၁) | ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးခြင်း | ၈၀၀၀၀၀ |
| (၂) | Aflatoxins(B1, B2, G1, G2) မှိုဆိပ်များ စစ်ဆေးခြင်း | ၃၀၀၀၀၀ |
| (၃) | Heavy Metals (အဆိပ်သတ္တုဓာတ်များစစ်ဆေးခြင်း) (Cd,Pb နှစ်မျိုးအတွက်သာ) | ၂၀၀၀၀၀ |
| | **ဓာတ်ခွဲစစ်ဆေးခစုစုပေါင်း** | **၁၃၀၀၀၀၀** |

**(စ) ပြောင်းဆန်များအတွက် Certificate of Analysis (COA) ထုတ်ပေးမည့် သတ်မှတ်ချက်နှင့် နှုန်းထားများ**

(၁) ပြောင်းဆန် ၁၀၄၀ မက်ထရစ်တန်တွင် ( ၁ )ကြိမ် ဓာတ်ခွဲစစ်ဆေးရမည် ဖြစ်ပြီး COA (၁)စောင် ထုတ်ပေးမည်ဖြစ်သည်။

(၂) COA အား ၁၀၄၀ မက်တရစ်တန်အောက် ပို့ကုန်တန်ချိန်များအလိုက် ခွဲယူထုတ်လိုပါက (၁)ကြိမ် ဓာတ်ခွဲစစ်ဆေးရမည်ဖြစ်ပြီး COA (၃) စောင်ထက်ပိုမထုတ်ရ။

(၃) တင်ပို့လိုသောပမာဏအလိုက် ၁၀၄၀ မက်ထရစ်တန် အထိ ဓာတ်ခွဲစစ်ဆေးပြီး Certificate ခွဲယူထုတ်လိုပါက ဓာတ်ခွဲစစ်ဆေးရန် လျှောက်ထားစဉ်ကတည်းက သီးခြားဖော်ပြပေးထားမည်။

(၄) ဓာတ်ခွဲစစ်ဆေးခ၊ Certificate ထုတ်ယူမှုနှင့်နှုန်းထားများအား ပထမတစ်ကြိမ် Certificate ထုတ်ယူမှုအတွက် ( ကျပ် ၁၃၀၀,၀၀၀ ) ကုန်ကျမည်ဖြစ်ပြီး မူလတန်ချိန်မှ ထပ်တိုးလျှောက်ထားသည့်အခါ ထုတ်သည့် အကြိမ်တိုင်းအတွက် တစ်ကြိမ်လျှင် ( ကျပ် ၂၀၀,၀၀၀ ) ပေးဆောင်ရမည်။

**(ဆ) မြေပဲဆန်များအတွက် ဓာတ်ခွဲစစ်ဆေးခများ**

| စဉ် | ဓာတ်ခွဲစမ်းသပ်ချက်(Parameters) | ဓာတ်ခွဲခနှုန်း (ကျပ်) |
|---|---|---|
| (၁) | Aflatoxins (B1, B2, G1, G2) မှိုဆိပ်များစစ်ဆေးခြင်း | ၃၀၀၀၀၀ |
| | **ဓာတ်ခွဲစစ်ဆေးခစုစုပေါင်း** | **၃၀၀၀၀၀** |

**(ဇ) မြေပဲဆန်များအတွက် Certificate of Analysis (COA) ထုတ်ပေးမည့် သတ်မှတ်ချက်နှင့် နှုန်းထားများ**

(၁) မြေပဲဆန် ၁၀၀ မက်ထရစ်တန်တွင် (၁) ကြိမ် ဓာတ်ခွဲစစ်ဆေးရမည် ဖြစ်ပြီး COA (၁) စောင်ထုတ်ပေးမည်ဖြစ်သည်။

(၂) COA အား ၁၀၀မက်တရစ်တန်အောက် ပို့ကုန်တန်ချိန်များအလိုက် ခွဲယူထုတ်လိုပါက ( ၁ ) ကြိမ် ဓာတ်ခွဲစစ်ဆေးရမည်ဖြစ်ပြီး COA ( ၄ ) စောင်ထက်ပိုမထုတ်ရ။

(၃) ၁၀၀ မက်ထရစ်တန်တွင် ပထမအကြိမ် COA ထုတ်ပြီးနောက် ဒုတိယ၊ တတိယနှင့်စတုတ္ထမြောက် COA များ ထုတ်ယူလိုပါက (၁)စောင်လျှင် (ကျပ် ၃၀၀၀၀၀) နှုန်း ပေးဆောင်ရမည်။

(၄) ၁၀၀ မက်ထရစ်တန်ပြည့်သည့်တိုင်အောင် ထုတ်ယူလိုသော COA အစောင်ရေနှင့် မက်ထရစ်တန်အားစစ်ဆေးရန် လျှောက်ထားစဉ်ကတည်းက ဖော်ပြပေးရမည်။

(ဈ) **စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတ်ခွဲစစ်ဆေးခများ**

| စဉ် | ဓာတ်ခွဲစမ်းသပ်ချက်(Parameters) | ဓာတ်ခွဲခနှုန်း(ကျပ်) |
|---|---|---|
| (၁) | ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးခြင်း | ၈၀၀၀၀၀ |
| (၂) | Total Aflatoxins (B1, B2, G1, G2) မှိုဆိပ်များ စစ်ဆေးခြင်း | ၃၀၀၀၀၀ |
| (၃) | Cd, Pb, Cu, Ni အဆိပ်သင့်သတ္တုဓာတ်များစစ်ဆေးခြင်း (အဆိပ်သတ္တု တစ်မျိုးအတွက်သာ) | ၁၀၀၀၀၀ |

(ည) **စိုက်ပျိုးရေးထွက်ကုန်များအတွက် Certificate of Analysis ( COA ) ထုတ်ပေးမည့် သတ်မှတ်ချက်နှင့် နှုန်းထားများ**

(၁) ရေတ်၊ ကော်ဖီ၊ လက်ဖက်ခြောက်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအပြင် အခြားစိုက်ပျိုးရေးထွက်ကုန်များအား ဓာတ်ခွဲစမ်းသပ်ချက် ( Parameters ) အလိုက် ဓာတ်ခွဲစစ်ဆေးပြီး COA တစ်စောင်ထုတ်ပေးမည် ဖြစ်ပါသည်။

(၂) နှစ်သက်ရာဓာတ်ခွဲစစ်ဆေးချက် (Parameters) များအား ရွေးချယ်စစ်ဆေးနိုင်ပါသည်။

၂။ ဓာတ်ခွဲခန်းစစ်ဆေးရန် လျှောက်ထားမှုသည် Shipping Date သင်္ဘောတင်ရက် မတိုင်မီ (၁၅) ရက် ကြိုတင်လျှောက်ထားရမည်ဖြစ်ပြီး ဓာတ်ခွဲခန်းအဖြေရရှိပြီးမှသာ တင်ပို့ရမည်။

၃။ သတ်မှတ်ထားသောဓာ တ်ခွဲစမ်းသပ်စစ်ဆေးခနှုန်းထားများကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့ရက်မှစ၍ သတ်မှတ်သည့်နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

ဒေါက်တာတင်ထွဋ်
ဦးစီးဌာန
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

စာအမှတ် - ပမဖ /၁၀-၃(၁၅၃)/ ၂၀၂၄ )
ရက်စွဲ - ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များအားလုံး
အမြဲတမ်းအတွင်းဝန်(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)
ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။
ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး
အမိန့်အရ

ဒေါက်တာရဲတင့်ထွန်း
အတွင်းရေးမှူး
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

ဇော်